[رواه الترمذي وابن حبان] [صحيح]

အရှင်မြတ်၏အမိန့်ကိုဖီဆန်သော နဖူးစာဆိုးသူ ကာဖိရ်ဖြစ်သည်။ ၎င်းသည်အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် သေးသိမ်သူဖြစ်ပြီး ဆွေဂုဏ် မျိုးဂုဏ်ရှိပြီးအဆင့်အတန်းမြင့်မားသူ၊ ဩဇာအာဏာရှိသူဖြစ်နေလျှင်လည်း မည်သည့်တန်ဖိုးမျှမရှိပေ။လူသားအားလုံးသည် အာဒမ်(အလိုင်းဟိစ္စလာမ်)၏ သားမြေးများပင်ဖြစ်ကြသည်။အလ္လာဟ်အရှင်မြတ်သည် အာဒမ်(အလိုင်ဟိစ္စလာမ်)အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။သို့ဖြစ်၍ မိမိ၏မူလဇစ်မြစ်မှာ မြေကြီးဖြစ်နေသူအနေဖြင့် မာန်မာနမထောင်လွှားပြီးမိမိကိုယ်မိမိ အထင်မကြီးသင့်ပေ။ ဤသည် အလ္လာဟ်အရှင်မြတ်မိန့်တော်မူထားသည့်အတိုင်းပင်ဖြစ်သည်။ အရှင်မြတ်မိန်တော်မူသည်မှာ (အို - လူခပ်သိမ်းတို့၊ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ယောက်ျားတစ်ယောက်၊ မိန်းမတစ်ယောက်မှ (စတင်)ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အချင်းချင်းတစ်ဦးကိုတစ်ဦး ခွဲခြားသိမြင်မှတ်မိကြအံ့သောငှာ၊ လူမျိုးစုအသီးသီးမျိုးနွယ်အသွယ်သွယ် ပြုလုပ်တော်မူခဲ့၏။ ဧကန်စင်စစ် အသင်တို့အနက် (အလ္လာဟ်အရှင်မြတ်အား) အကြောက်ရွံ့ဆုံး၊ အပြစ်များမှ အများဆုံးကြဉ်ရှောင်သောသူသည်သာလျှင် အလ္လာဟ်အရှင်မြတ် အထံတော်၌အမြင့်မြတ်ဆုံးသောသူဖြစ်၏။စင်စစ်တစ်မူကား အလ္လာဟ်အရှင်မြတ်သည် အသိတော်မူဆုံး၊ အကြားတော်မူဆုံးအရှင်ဖြစ်တော်မူပေသတည်း။) (စူရဟ်အလ်ဟုဂျုရာသ်-အာယသ်:၁၃)

http://www.sunnah.global/hadeeth/my/show/65074